# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့တွင် တည်ရှိသော အကျဉ်းထောင်အား
# ကြည့်ရှုစစ်ဆေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၇/၂၀၁၅)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါက်တာဒေါ်သန်းနွဲ့တို့သည် ကော်မရှင်ရုံးဝန်ထမ်း ဒေါက်တာဇေယျာစိုး(လက်ထောက်ညွှန်ကြား ရေးမှူး) လိုက်ပါလျက် ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့တွင် တည်ရှိသော အကျဉ်းထောင်အား ၇-၅-၂၀၁၅ ရက်နေ့တွင် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် စာရင်းဇယားများအား ဖတ်ရှုလေ့လာခြင်း၊ အိပ်ဆောင်များ အတွင်း ကြည့်ရှုစစ်ဆေးခြင်းနှင့် အကျဉ်းသား၊ အချုပ်သား အချို့တို့အား တစ်ဦးချင်း သီးခြား တွေ့ဆုံ မေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။

၃။ စစ်ဆေးတွေ့ရှိချက်များမှာ-

(က) အကျဉ်းသား/အချုပ်သား ဝင်ဆံ့မှုထက် ကျော်လွန်၍ လက်ခံနေရကြောင်း တွေ့ရှိရပါသည်။

(ခ) ဆေးခန်းတွင် လူနာတင် ကုတင်များမရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) နှစ်ကြီးအကျဉ်းသားများကို ထားရှိရမည့် တိုက်ခန်းအတွင်းရှိ ရေလောင်းအိမ်သာ များတွင် အကာအရံများ မရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) “ဂ”အဆင့်အကျဉ်းထောင်ဖြစ်သော်လည်း ပြစ်ဒဏ် ၁၀ နှစ်အထက် ကျော်လွန်သော အကျဉ်းသားများအား လက်ခံထိန်းသိမ်းနေရကြောင်း တွေ့ရှိရပါသည်။

(င) ဇာတိရပ်ရွာနှင့် ဝေးကွာလွန်းသောအကျဉ်းသား ၂ ဦးအား တွေ့ရှိရပါသည်။

(စ) အကျဉ်းသားအိပ်ဆောင်များသည် မိုးရာသီကာလတွင် မိုးပက်ရာမှ အိပ်ဆောင် အတွင်းသို့ မိုးရေ ဝင်ရောက်နိုင်ကြောင်း တွေ့ရှိရပါသည်။

(ဆ) နှစ်ကြီးအကျဉ်းသူများကို ထားရှိရမည့် တိုက်ခန်း ၂ ခန်းတွင် ရေလောင်းအိမ်သာ၊ ရေချိုးကန်နှင့် စကြံ်န်များ မရှိကြောင်း တွေ့ရှိရပါသည်။

(ဇ) ဖွဲ့စည်းပုံအရခန့်အပ်ရမည့် လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ဈ) အချုပ်ကာလ ၆ လထက်ကျော်လွန်နေသော အချုပ်သား ၂ ဦးအား တွေ့ရှိရပါသည်။

(ည) မီးဖိုကြီးတွင် သမရိုးကျသံတိုင်ကီများဖြင့် ထမင်းချက်ပြုတ်နေကြောင်း တွေ့ရှိရပါသည်။

(ဋ) တရားစခန်းနှင့် အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

(ဌ) အသက် ၇၀ နှစ်အထက်ကျော်လွန်သော သက်ကြီးရွယ်အို အကျဉ်းသား/အချုပ်သား ၅ ဦးအား တွေ့ရှိရပါသည်။

(ဍ) အကျဉ်းသားအိပ်ဆောင်၊ အိပ်ဆောင်ပတ်ဝန်းကျင်နှင့် အိမ်သာများ သန့်ရှင်းမှုရှိကြောင်း တွေ့ရှိရပါသည်။

(ဎ) အကျဉ်းသားအိပ်ဆောင်များအတွင်းရှိ ကွပ်ပျစ်များတွင် ဖယောင်းပုဆိုးများ ခင်းကျင်းထားကြောင်း တွေ့ရှိရပါသည်။

(ဏ) သန့်ရှင်းသော သောက်ရေနှင့် သုံးရေ အလုံအလောက်ရရှိကြောင်း တွေ့ရှိရပါသည်။

(တ) အကျဉ်းထောင်အတွင်း စည်းကမ်းဖောက်ဖျက်ကျူးလွန်သူများမရှိကြောင်း တွေ့ရှိရပါသည်။

(ထ) အကျဉ်းသားများ၏ ကိုယ်ရေးရာဇဝင်အချက်အလက်များအား ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင် သိမ်းဆည်းထားနိုင်ကြောင်းနှင့် လိုအပ်သည့်အချက်အလက်၊ စာရင်းဇယား များအား ပြည့်စုံလျှင်မြန်စွာ ထုတ်ယူကြည့်ရှုနိုင်ကြောင်း တွေ့ရှိရပါသည်။

(ဒ) အဝတ်လျှော်ဆပ်ပြာများ သတ်မှတ်စကေးအတိုင်း အလုံအလောက် ရရှိကြောင်း တွေ့ရှိရ ပါသည်။

(ဓ) လွတ်လပ်ရေးနေ့နှင့် အကျဉ်းဦးစီးဌာန နှစ်ပတ်လည်နေ့များ၌ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ပြုလုပ်ပေးကြောင်း တွေ့ရှိရပါသည်။

(န) အကျဉ်းသား/အကျဉ်းသူအိပ်ဆောင်တိုင်းတွင် TV များရှိပြီး ညစဉ် ၉ နာရီအထိ ကြည့်ရှုနိုင်ကြောင်း တွေ့ရှိရပါသည်။

(ပ) စာကြည့်တိုက် ဖွင့်လှစ်ထားသော်လည်း စာအုပ်စာတမ်း နည်းပါးကြောင်း တွေ့ရှိရပါသည်။

(ဖ) အခါအားလျော်စွာ အကျဉ်းသားများ ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် ပတ်သက်၍ ပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ကြောင်း တွေ့ရှိရပါသည်။

(ဗ) ဝေးလံသောအရပ်ဒေသမှ တစ်ခါတစ်ရံ ထောင်ဝင်စာ လာရောက်တွေ့ဆုံသူများအား ငဲ့ညှာသောအားဖြင့် အချိန်ပိုပေး၍ တွေ့ဆုံခွင့်ပြုကြောင်း တွေ့ရှိရပါသည်။

(ဘ) တပို့တွဲလပြည့်နေ့၌ ထမနဲထိုးကြောင်း၊ သင်္ကြန်အတွင်း ရေပက်ကစားကြကြောင်း၊ နှစ်ဆန်း (၁) ရက်နေ့၌ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ကြကြောင်း တွေ့ရှိပါသည်။

(မ) အကျဉ်းသူ/အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု မရှိကြောင်း တွေ့ရှိရပါသည်။

(ယ) အကျဉ်းသားဝတ်စုံ၊ စောင်နှင့် ဖိနပ်များ ပြည့်စုံစွာရှိကြောင်း တွေ့ရှိရပါသည်။

(ရ) ခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်များက အခါအားလျော်စွာ အကျဉ်းသားများအား လာရောက် ကြည့်ရှုကုသမှု ပြုလုပ်ကြောင်း တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များ**

၄။ မိုင်းဆတ်အကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သင့်ကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) အကျဉ်းသား/အချုပ်သား ဝင်ဆံ့မှုထက် ကျော်လွန်၍ လက်ခံနေရသည့်အတွက် အိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်သင့်ပါသည်။

(ခ) ဆေးခန်းတွင် လူနာတင် ကုတင်များ ထားရှိသင့်ပါသည်။

(ဂ) နှစ်ကြီးအကျဉ်းသားများကို ထားရှိမည့်တိုက်ခန်းအတွင်းရှိ ရေလောင်းအိမ်သာများတွင် ဒူးပိတ်အကာအရံများ ထားရှိသင့်ပါသည်။

(ဃ) အကျဉ်းထောင်အဆင့် သတ်မှတ်ချက်နှင့်အညီ အကျဉ်းသားဦးရေနှင့် ပြစ်ဒဏ်သတ်မှတ်ချက်အတိုင်းသာ ထားရှိသင့်ပါသည်။

(င) ဓာတိရပ်ရွာနှင့် ဝေးကွာလွန်းသောအကျဉ်းသားများအား နီးစပ်ရာအကျဉ်းထောင်များသို့ ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(စ) အကျဉ်းသားအိပ်ဆောင်များတွင် မိုးရာသီကာလ၌ အိပ်ဆောင်အတွင်းသို့ မိုးရေမပက်နိုင်စေရန် ကဲလားများ တပ်ဆင်ပေးသင့်ပါသည်။

(ဆ) နှစ်ကြီးအကျဉ်းသူများကို ထားရှိမည့် တိုက်ခန်း ၂ ခန်းတွင် ရေလောင်းအိမ်သာ၊ ရေချိုးကန်နှင့် စင်္ကြံများ တည်ဆောက်ပေးသင့်ပါသည်။

(ဇ) လစ်လပ်နေသော လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်တင်းခန့်အပ်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဈ) အချုပ်ကာလ ၆ လထက် ကျော်လွန်နေသော အချုပ်သားများအား အမြန်ဆုံးစစ်ဆေးစီရင်နိုင်ရေး တရားရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(ည) မီးဖိုကြီးတွင် အဆင့်မီစတီးပေါင်းအိုးများဖြင့် ချက်ပြုတ်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဋ) တရားစခန်းနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဌ) သက်ကြီးရွယ်အိုနှင့်ရှေ့နေမငှါးနိုင်သောအချုပ်သားများထောင်ကျလာပါက အတွင်းအယူခံနှင့် အယူခံများ အမြန်ဆုံးဝင် ရောက်နိုင်ရေး ကူညီဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်